ဆည်ကြီးရွာသစ်ကျေးရွာ

မန်ကျည်းကုန်းကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆည်ကြီးရွာသစ်ကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
ဆည်ကြီးရွာသစ် ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၇
ဆည်ကြီးရွာသစ် ကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ်	၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၁
(ခ) သဘာဝအရင်းအမြစ်များ ၁၁
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၃
(င) ကျန်းမာရေးနှင့် အာဟာရ ၁၃
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၃
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၄
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၄
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၅
(ဃ) ရွှေ့ပြောင်းလုပ်သားများ ၁၅
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက် ၁၆
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၆
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၆
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၇
(စျ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊

သတင်းနှင့် ဆက်သွယ်ရေး ၁၇
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၁၈
(ဋ္ဌ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၈
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၈
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၈
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၁၉
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၀
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၀
(ဂ) ဦးစားပေး စီမံချက်များ ၂၁
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၃
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၃
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၃
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၄
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၄
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၄
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၅
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၅
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၅
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၆
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၂၇

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၂၈
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၂၉
ရည်ညွှန်းချက်များ ၃၁
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၃
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


ဆည်ကြီးရွာသစ်ကျေးရွာ


မန်းကျည်းကုန်းကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ဆည်ကြီးရွာသစ်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- ဆည်ကြီးရွာသစ် ကျေးရွာအရင်းအမြစ်ပြမြေပုံ - ဆည်ကြီးရွာသစ်ကျေးရွာ၊ မန်ကျည်းကုန်း ကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာ သူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)



လ/ အလုပ်အကိုင်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
အလုပ်အကိုင် ☺😐☹	☹	😐	☺	☹	☺	☹	😐	😐	😐	☺	☺	😐
	✗	✗✗	✗✗✗	✗	✗✗✗	✗	✗✗	✗✗	✗✗	✗✗✗	✗✗✗	✗✗
	☀	🌤	🌦	☁	☁	☁	🌤	✳	✳	✳	☀	☀
	-	-	ပျိုးကြဲ	စပါးစိုက်	စပါးစိုက်	နှမ်း စိုက်	-	-	စပါးဂိုတ်	စပါးသိမ်း	နှမ်းသိမ်း	-
												
	ရေနဲ့	ရေနဲ့	အာသင်္ဘတ်	ရေ မျှား	ရေ မျှား	ရေ မျှား	ရေ မျှား	ရေ မျှား	အာသင်္ဘတ်	အာသင်္ဘတ်	အာသင်္ဘတ်	ရေနဲ့
	ကုသိမ္ဘာ	-	ငှက်မျှား	တူတ်ကွေး	ငှက်မျှား	-	-	ကုသိမ္ဘာ	-	-	ရေနေကြက်	ကုသိမ္ဘာ
သီးနှံပိုးမွှားရောဂါ ကျရောက်မှု	-	-	အင်္ဂြန်ပုတ်	-	ကြက်ဖြူပို့	အာဇွန်ပုတ်	သီးညှုံးဖေါက်	အဆွဲနှုတ်	-	-	-	-
	သင်္ကြန် အခါ	-	-	သကဍ်ကဲ	-	-	မြို့တွင်းပွဲ	ကထိန်ပွဲ	-	-	ပဒုန်းပွဲ	-
သဘာဝ ဘေးအန္တရာယ်	-	လေတိုက်	လေတိုက်	မိုးကြိုး	-	-	-	-	-	-	-	-

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ဆည်ကြီးရွာသစ် ကျေးရွာသည် ဝန်းသိုမြို့၏ အနောက်တောင်ဘက်(၂)မိုင်ခန့်အကွာတွင်တည်ရှိပြီးမန်ကျည်းကုန်း အုပ်စုတွင်တည်ရှိ ပါသည်။ ဝန်းသို-ကောလင်း-ပင်လည်ဘူး လမ်းမကြီးပေါ်တွင် တည်ရှိပါသည်။ ကျေးရွာသည် ဆည်ကြီးကျေးရွာ၊ ဖြန့်ကြီးကျေးရွာ တေဇကျေးရွာတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေပါသည်။ ကျေးရွာ၏ အနောက်ဘက်တွင် နန်းလိုင်းချောင်းဖြတ်သန်းစီးဆင်း ပြီးတောင်ကုန်းတောင်းတန်းကြီးများအနီးတွင်တည်ရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ကျွန်တော်တို့ရွာသည် တောင်ကုန်းမြင့်ပေါ်တွင် တည်ရှိ သောကြောင့် ကျောက်စရစ်များပြားပြီး အလွယ်တကူတွေ့ရှိနိုင်ပါသည်။ ရွာတွင်းလမ်းများမှာ လည်းကျောက်စရစ် လမ်းများဖြစ်ပါသည်။ နွားစာ၊ ဆေးဖက်ဝင်အပင်များလည်း အလွယ်တကူ အသုံးပြုနိုင်ပါသည်။ ဆေးဖက်ဝင်သည့် အပင်များမှာ ဂျာမနီ ထိကရုံး ဆင်တုံးမန္တယ် ကျွဲကျောင်းပင် အဆိပ်ဖြေပင် ဆင်နှာမောင်းပင်များဖြစ်ကြပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျွန်တော်တို့ ရွာတွင် အိမ်ထောင်စု ၃၁ အိမ်ရှိပါသည်။ အလုပ်လုပ်နိုင် သောလူဦးရေမှာ (၃၇)ဦးရှိပြီး လယ်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ရွာတွင်အိမ်ခြေနည်းပါးသလို လူဦးရေလည်း နည်းပါးသဖြင့် အပြင်ထွက်စီးပွားရှာသူ နည်းပါးပါ သည်။ အလုပ်လုပ်ကိုင်နိုင်သော ယောကျ်ားလေးဦးရေမှာ (၁၈)ဦးရှိပြီး အလုပ်လုပ်ကိုင်နိုင်သော မိန်း ကလေးဦးရေမှာ (၁၉)ဦးရှိပါသည်။ ဖ၅နှစ်နှင့်အထက် သက်ကြီးရွယ်အိုများသည်လည်း စီးပွားရေး အခြေအနေကြောင့် အလုပ်လုပ်ကိုင် နေသူများလည်း ရှိသည်။ ကျန်ရှိသောမိန်းမသားများမှာလည်း အိမ်မှုကိစ္စအဝဝများကို လုပ်ကိုင်နေသူများဖြစ်ပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။

စီးပွါးရေးအခြေအနေနှင့်ဝင်ငွေ။ ။ ကျွန်တော်တို့ရွာတွင် အိမ်ခြေ ၃၁ အိမ်ရှိပြီး တစ်ချို့သော မိသားစုများသည် လယ်ယာလုပ်ငန်းကို အဓိကထားစားသောက်ကြပြီး တစ်ချို့မိသားစုများသည် လယ်ယာမရှိသော ကြောင့်ကျပန်းအလုပ်လုပ်ကာ ရှာဖွေစားသောက်နေရသဖြင့် အဆင်ပြေမှုနည်းပါးမှုကြောင့် အခြား အရပ်တွင် လုပ်ကိုင်ရှာဖွေနေရပါသည်။ ကျန်ရှိသော မိသားစုများသည်လည်း စားဝတ်နေရေးမှာ အသင့်အတင့်သာဖြစ်ပါသည်။ ရွာတွင် အလုပ်လုပ်ကိုင်နေသော ယောကျ်ားလေးများ၏ တစ်နေ့ဝင်ငွေသည် အများဆုံး ၅၀၀၀ ဖြစ်ပြီး အနည်းဆုံး ၃၅၀၀ ဖြစ်ပါသည်။ မိန်းကလေးများ၏

တစ်နေ့ဝင်ငွေသည် အများဆုံး ၄၀၀၀ ဖြစ်ပြီး အနည်းဆုံး ၃၀၀၀ ဖြစ်ပါသည်။ ရွာတွင် အလုပ်အကိုင် ရှားပါး၍ ဝင်ငွေမရှိပါ။

ပိုင်ဆိုင်မှုနှင့်မမျှတမှု။ ။ကျွန်တော်တို့ရွာတွင် အိမ်ခြေပေါင်း ၃၁ အိမ်ရှိပါသည်။ ၎င်း ၃၁ အိမ်ထဲတွင် အဆင်ပြေသော အိမ်ထောင်စု ၃၁ အိမ်ရှိပါသည်။ ၎င်းအိမ်များသည် လယ်၊ ယာ ကျွဲ နွား ရှိသူများ ဖြစ်ပြီး အခြားဝင်ငွေကောင်းသော မိသားစုများဖြစ်ပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စု ၉ စုမှာ လယ်ရှိပြီး ကျွဲ နွားမရှိသူများဖြစ်ပြီး လယ်ဧကနည်းသူများ ဖြစ်ပါသည်။ကျန်ရှိသော ၁၁ အိမ်ထောင်စုမှာ လယ် ယာ ကျွဲ နွား မရှိ သူများဖြစ်ပြီး လက်လုပ်လက်စား ဝန်ထမ်းများ ဖြစ်ပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ရွှေ့ပြောင်းသွားလာသည့် အိမ်ထောင်စု အရေ အတွက် ၁၄ အိမ်ရှိပြီး လူဦးရေ ၁၉ ဦးရှိပါသည်။ ရွှေ့ပြောင်းသွားလာရာတွင် ၃ လအထိ ရွှေ့ပြောင်း သွားလာသူ ကျား ၈ ဦး၊ ၆ လအထိ ရွှေ့ပြောင်းသွားလာသူ ကျား ၈ ဦး မ ၁ ဦး၊ ၁၂ လအထိ ရွှေ့ပြောင်း သွားလာသူ ကျား ၁ ဦး မ ၁ ဦးဖြစ်ပါသည်။

ကျွန်တော်တို့ကျေးရွာရှိ ရွှေ့ပြောင်းသွားလာသူများ၏ အဓိက အကြောင်း အရင်းမှာ ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းရှားပါးသဖြင့် ပိုမိုကောင်းမွန်သော အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေအခွင့်အလမ်းများ ရှာဖွေရန်အတွက်ဖြစ်ပါည်။ ရွှေ့ပြောင်းသွား လာသူ ၁၉ ဦးအထိရှိပါသည်။

ရွှေ့ပြောင်းသွားလာသူများ၏ အိမ်ထောင်စုများသည် ပြန်ပို့ငွေကို မှီခိုနေ ကြရပါသည်။ ထိုသို့ မှီခိုရာတွင် ပြန်ပို့ငွေကို အဓိကထားနေရသည့် အမြင့်ဆုံးအိမ်ထောင်စု ၅ စု ၊ အလယ်လတ် အိမ်ထောင်စု ၄ စုနှင့် ကျန် ၅ အိမ်ထောင်စုမှာ အနည်းငယ် ဖြစ်သည်ကို လေ့လာတွေ့ရှိ ရသည်။ အဆိုပါ ပြန်ပို့ငွေများကို ဘဏ်၊ လူကြုံမှ တစ်ဆင့်ပေးပို့ကြပြီး ဘဏ်မှ ၁ ဦး လူကြုံဖြင့် ၁၃ ဦးပေးပို့ကြပါသည်။

(၈) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ ကျွန်တော်တို့ရွာတွင် အိမ်ခြေပေါင်း ၃၁ အိမ်ရှိပါသည်။ ၎င်း ၃၁ အိမ်ထဲတွင် အဆင်ပြေသော အိမ်ထောင်စု ၃၁ အိမ်ရှိပါသည်။ ၎င်းအိမ်များသည် လယ်၊ ယာ ကျွဲ နွား ရှိသူများ ဖြစ်ပြီး အခြားဝင်ငွေကောင်းသော မိသားစုများဖြစ်ပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စု ၉ စုမှာ လယ်ရှိပြီး ကျွဲ နွားမရှိသူများဖြစ်ပြီး လယ်ဧကနည်းသူများဖြစ်ပါသည်။ကျန်ရှိသော ၁၁ အိမ်ထောင်စုမှာ လယ် ယာ ကျွဲ နွား မရှိ သူများဖြစ်ပြီး လက်လုပ်လက်စား ဝန်ထမ်းများ ဖြစ်ပါသည်။

ထိခိုက်နစ်နာလွယ်မှု။ ။ကျေးရွာတွင် ဝမ်းစာဖူလုံမှုမရှိသော သူ (၄) ဦးရှိပါသည်။ ၎င်းတို့မှာ ဝမ်းစာအတွက် ချေးယူခြင်း၊ လုပ်အားခ ကြိုယူခြင်းဖြင့် ဖြေရှင်းကြရပြီး အကြွေးတင်မှုရှိပါသည်။

ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီး ရွယ်အို(၁)ဦး ရှိပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု ၃ စုရှိပါသည်။ အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် အိမ်ထောင်စု ၂ စုရှိပါသည်။

ကျွန်တော်တို့ရွာတွင် ရာသီဥတုအပြောင်းအလဲနှင့် သစ်တောပြုန်းတီးမှု ကြောင့် မိုးခေါင်ခြင်းများ ရှိပါသည်။ ထို့အပြင် မုန်းတိုင်းကျရောက်ခြင်းမရှိပေမယ့် လေပြင်းပြင်းပြင်း ထန်ထန် တိုက်ခိုက်မှုကြောင့် သစ်ပင်များ ကျိုးကြခြင်း အမိုးအကာများ လွင့် ပါ သွားခြင်းများ ဖြစ်တတ်ပါသည်။ ထိုနည်းအတူ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခြင်းများ မရှိသော်လည်း တစ်နှစ်လျှင် တစ်ကြိမ်ခန့် ငလျင် အသေး လေးများ လှုတ်တတ်ပါသည်။

ကျွန်တော်တို့ကျေးရွာရှိ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ ကျောင်းသားများကိုထောက်ပံ့ရပြီး မိုးရာသီအလုပ်မဖြစ်ခြင်းတို့ကြောင့် နိမ့်ဆင်းရပါသည်။ မြေယာမဲ့ဆင်းရဲတောင်သူမှာ အလုပ်အကိုင်မရှိခြင်း သာရေး၊ နာရေး လုပ်ကိုင်မှုကြောင့်ဖြစ်ပါသည်။

(ဃ) ပညာရေး။ ။ ကျေးရွာတွင် စာမတတ်သူ အမျိုးသမီး (၁)ဦးရှိပါသည်။ အတန် ပညာ ပြီး မြောက်မှုအနေဖြင့် မူလတန်းအဆင့်ရှိသူဦးရေမှာ ကျား(၃၉)ယောက်၊ မ(၄၂)ယောက် ပေါင်း(၈၁)ယောက်၊ အလယ်တန်းအဆင့်ဦးရေမှာ ကျား(၁၈)ဦး၊ မ(၁၆)ဦး၊ စုစုပေါင်း (၃၄)ဦးဖြစ်ပါသည်။ အထက်တန်းအဆင့်ရှိသူဦးရေမှာ ကျား(၅)ယောက်၊ မ(၄)ယောက်၊ပေါင်း(၉) ယောက်ဖြစ်ပါသည်။ တက္ကသိုလ် ကောလိပ်အဆင့်ရှိသူမှာ ကျား(၁)ယောက်၊ မ(၅)ယောက်၊ ပေါင်း(၆)ယောက်ဖြစ်ပါသည်။

ကျေးရွာ၏ ကျောင်းတက်နှုန်းမှာ မူလတန်းတွင် ကျောင်းသား ၈ဦး ကျောင်းသူ ၈ ဦး၊ အလယ်တန်းအဆင့်တွင် ကျောင်းသား ၅ ဦး ကျောင်းသူ ၈ ဦး နှင့် တက္ကသိုလ် ကောလိပ်အဆင့်တွင် ကျောင်းသူ ၁ ဦး ပညာသင်ကြားလျှက်ရှိပါသည်။

(c) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျွန်တော်တို့ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောဳ ငှက်ဖျား၊ သွေးတိုးရောဂါ များအနည်းငယ် ဖြစ်ပွားလေ့ရှိသော်လည်း အခြားရောဂါများ ဖြစ်ပွားမှု မရှိသည်ကို လေ့လာတွ့ရှိရပါသည်။ ။ကျန်းမာရေးအနေဖြင့် ကာကွယ်ထိုးနှံမှုများကို ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစကလေးငယ်များကို ထိုးပေးလေ့ရှိပါသည်။ ကျွန်တော်တို့ ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိပါ။ ကျန်းမရေး မကောင်းပါက ဝန်းသိုမြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ကျန်းမာရေးဆေးပေးခန်းများသို့ လည်းကောင်း သွားရောက်၍ ဆေးကုသကြရပါသည်။ ကျေးရွာအတွင်း ကုန်စုံဆိုင်တွင် ဆေးအနည်း ငယ် ဒီကိုဂျင် ပါရစီတမောဲ့ကဲ့သို့သော ဆေးများကို ဝယ်ယူရရှိနိုင်ပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ကျွန်တော်တို့ကျေးရွာရှိ အမျိုးသမီးများသည် ကျေးရွာစီမံ အုပ်ချုပ်ရေးစနစ် တွင် တက္ကြွစွာ ပါဝင်ခြင်း၊ ခေါင်းဆောင်မှု ပြုခြင်း မရှိသော်လည်း၊

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျေးရွာ၏ သာရေး၊ နာရေး၊ လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေ နှင့် တရားမျှတမှု ဆိုင်ရာများအတွက် လူထု၏ အသိ အမြင် အနည်းငယ်ရှိပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ရွာတွင် လူဦးရေ နည်းပါးသဖြင့် လူငယ်အဖွဲ့များသည် လည်း လူအင်အား နည်းပါးပါသည်။ ရွာတွင် သက်ကြီးရွယ်အိုများသဖြင့် အိုးသကြီးအဖွဲ့မှာလည်း လူနည်းလှပါသည်။ ကျန်သည့်လူများမှာ လည်း လိုအပ်သည့်နေရာတွင် ပါဝင်လုပ်ဆောင်ကြပြီး သူ့နေရာနှင့်သူ သင့်လျော်သလို ပါဝင်လုပ်ဆောင်ကြပါသည်။ ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ပြင်ပအဖွဲ့အစည်းများ၏ ပံ့ပိုးမှု၊ ကူညီဆောင်ရွက်မှုများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ)သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ကျွန်တော်တို့ရွာတွင် လယ်ယာမြေဧက တွေ့ရှိချက်အရ လယ်ကိုသာ အဓိကထားလုပ်ကိုင်ကြသော်လည်း လယ်ယာမြေများမှာ ကောင်းမွန်သော လယ်ယာမြေနည်းပါးပြီး မကောင်းတဲ့လယ်ယာမြေများက များပြားနေပါသည်။ စားကျက်မြေများကို လယ်ပိုင်ယာပိုင်များတွင် တွေ့ရပြီး ကျန်မြေများမှာ တောင်ကုန်း တောင်တန်းများဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စု ၃၁ စုရှိပြီး ၁၆ အိမ်ထောင်စုမှာ လယ်ယာမရှိ ဆင်းရဲသားများဖြစ်ပါသည်။ အိမ်ထောင်စု ၁၄ စုတွင် လယ် ၅ ဧက ခန့်ရှိပြီး လယ် ၈ဧကခန့်ရှိသူ တစ်ဦးသာရှိပါသည်။ကျွန်တော်တို့ကျေးရွာသည် မိုးရေခံလယ်များဖြစ်သဖြင့် မိုးရာသီမှသာ လယ်ယာစိုက်ပျိုးကြရပါသည်။ စိုက်ပျိုးသီးအခါတွင်လည်း စပါးသီးနှံတစ်မျိုးထဲကိုသာ စိုက်ပျိုးကြရပါသည်။ကျွန်တော်တို့ဆည်ကြီးရွာသစ်ကျေးရွာတွင် စပါးစိုက်ပျိုးမြေဧကမှာ (၄၉)ဧကဖြစ်ပြီး တစ်ဧကအနည်းဆုံးအထွက်နှုန်းမှာ အနည်းဆုံးတင်း(၄၀)၊ အများဆုံး တင်း(၇၀)ဖြစ်ပါသည်။ ပျမ်းမျှနှုန်း(၅၀)မှာ ရာသီဥတုအခြေအနေမမှန်ခြင်းမှာ အောင်ရေ မလုံလောက်ခြင်းတို့ကြောင့်ဖြစ်ပါသည်။ စပါးမျိုးကောင်းများကို စိုက်ပျိုးရေးရုံးတွင်ဝယ်ယူ သော်လည်း ဈေးကြီး၍မဝယ်နိုင်ပါ။ စိုက်ဘဏ်ထုတ်သည့်လမှာ ၃လ ဖြလောက်သနှုန်း(၅၀)မှာ ရာသီဥတုအခြေအနေမမှန်ခြင်းမှာ အောင်ရေ မလုံလောက်ခြင်းတို့ကြောင့်ဖြစ်ပါသည်။ စပါးကို မိုးဖြိုင်ဖြိုင်ရွာမှသာလျှင် စိုက်ပျိုးနိုင်ကြပါသည်။ ကျွန်တော်တို့ကျေးရွာတွင် ထွန်စက်ပိုင်ဆိုင်သူ မရှိသေးပါ။ သို့ရာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာ၌ လက်တွန်းထွန်စက် ငှားရမ်းသုံးစွဲသူ ၁၆ ဦးရှိပါသည်။ ကျေးရွာတွင် ရေစုပ်စက်ပိုင်ဆိုင်သူ ၇ ဦးခန့်ရှိပြီး ငှားရမ်းသုံးစွဲသူ ၅ ဦးရှိပါသည်။ မြက်ရိတ်စက် ပိုင်ဆိုင်သူ ၇ဦးရှိပြီး ငှားရမ်းသုံးစွဲသူ ၃ ဦးရှိပါသည်။ သဘာဝရေမြေ

ရာသီဥတုအနေအထားမှာ အသင့်အသင့် မိုးရွာ ပါသည်။ လယ်ယာမြေအသုံးချနိုင်မှုမှာရေလိုပါသည်။ မြေဩဇာလိုသည်၊ မြေရှိဖို့လိုသည်။ စက်ကိရိယာလိုပါသည်။ ကျွဲနွားရှိဖို့လိုပါသည်။ စိုက်ပျိုးနည်းစနစ်လိုပါသည်။ လုပ်အားခလို ပါသည်။ စိုက်ပျိုးရေမရရှိပါသဖြင့် စက်ရေတင်ပြီး စိုက်ရပါသည်။ စိုက်ဘဏ်ချေးငွေရရှိပါ သည်။ လုံလောက်မှုမရှိပါ။ကျွန်တော်တို့ကျေးရွာရှိ လယ်မြေများသည် မိုးရေခံလယ်များဖြစ်သဖြင့် မိုးရာသီတွင် တောင်ကျရေများသည် မြောင်းရိုးတစ်လျှောက် စီးဆင်းလာသော ရေများကို ရေသွင်း စိုက်ပျိုးကြပါသည်။ မြေသားသည် ရွှံ့စေးမြေဆန်သောမြေဖြစ်ပြီး ထွန်စာခဲကြီးခြင်း ပတ်ကြား အပ်ခြင်းများ ကြုံတွေ့ရပါသည်။ ဓါတ်မြေဩဇာအသုံးပြုမှုသာလျှင် ထွန်ယက်စိုက်ပျိုးနိုင်ပါသည်။ သဘာဝ မြေဩဇာ နွားချေးများကိုလည်း အလွယ်တကူ မရရှိနိုင်ပါ။

မွေးမြူရေးလုပ်ငန်းမှာ နွားများမွေးမြူသည့်အိမ်ထောင်စုမှာ (၁၃)အိမ်ဖြစ်ပြီး နွားကောင်ရေ(၃၉)ကောင်၊ ကျွဲမွေးမြူသည့်အိမ်ထောင်စုမှာ (၄)အိမ် ကောင်ရေ ၁၉ ကောင်ဖြစ်ပါသည်။ ဝက်မွေးမြူသည့် အိမ်ထောင်စု(၁၇)အိမ်ဖြစ်ပြီး ဝက်ကောင်ရေမှာ (၇၈)ကောင်ဖြစ်ပါသည်။ ကြက်မွေးမြူသည့် အိမ်ထောင်စုမှာ (၃၂)အိမ်ဖြစ်ပြီး ကြက်ကောင်ရေမှာ ၃၉၀ ကောင်ကို ဟင်းစားအဖြစ် မွေးမြူကြပါသည်။ ဘဲမွေးမြူသည့်အိမ်ထောင်စုမှာ (၁)အိမ်ဖြစ်ပါသည်။ ဘဲကောင်ရေ(၃) ကောင်ဖြစ်ပြီး ဟင်းစားအဖြစ်မွေးမြူကြပါသည်။ ဝက်မွေးမြူရခြင်းမှာ တစ်ပိုင်တစ်နိုင်မွေးပြီး စီးပွားရေးအထောက်အပံ့ဖြစ်ရန်သာ မွေးမြူကြပါသည်။ ကျွန်တော်တို့ ကျေးရွာတွင် တောင်ကုန်းတောင်တန်းကုန်းမြင့်ပေါ်တွင် တည်ရှိသောကြောင့် မွေးမြူရေးနှင့် သားငါးထုတ်လုပ်ရန် အခွင့်အလမ်း လွန်စွာမှ နည်းပါးလှပါသည်။ကျွန်တော်တို့ကျေးရွာရှိ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများမှာ ကျေးရွာတွင် စားကျက်မြေရှားပါးခြင်း၊ ရေရှားပါးခြင်း မျိုးကောင်းတိရစ္ဆာန်လက်လှမ်းမီမှုမရှိခြင်း နည်းပညာမရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ ကျွန်တော်တို့ကျေးရွာသည် ဝန်းသိုနှင့် ၂ မိုင်ခန့်အကွာ ဝန်းသို-ကောလင်း လမ်းမကြီးပေါ်တွင်တည်ရှိပြီး လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်သောလည်း တောရွာသာဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးမဟုတ်တော အသက်မွေးဝမ်းကျောင်းလုပ်ငန်း များအတွက် လွန်စွာမှ အခွင့်အလမ်းနည်းပါးပါသည်။ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေး မွေးမြူရေးမဟုတ်သော အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများမှာ ကျေးရွာတွင် အလုပ်ကိုင် အခွင့်အလမ်နည်းပါးခြင်းကြောင့် ဖြစ်ပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ။ ။ ကျွန်တော်တို့ကျေးရွာတွင် ရွှေ့ပြောင်းသွားလာသည့် အိမ်ထောင်စု အရေ အတွက် ၁၄ အိမ်ရှိပြီး လူဦးရေ ၁၉ ဦးရှိပါသည်။ ရွှေ့ပြောင်းသွားလာရာတွင် ၃ လအထိ ရွှေ့ပြောင်း သွားလာသူ ကျား ၈ ဦး၊ ၆ လအထိ ရွှေ့ပြောင်းသွားလာသူ ကျား ၈ ဦး မ ၁ ဦး၊

၁၂ လအထိ ရွှေ့ပြောင်း သွားလာသူ ကျား ၁ ဦး မ ၁ ဦးဖြစ်ပါသည်။ ကျွန်တော်တို့ကျေးရွာရှိ ရွှေ့ပြောင်းသွားလာသူများ၏ အဓိက အကြောင်း အရင်းမှာ ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်း ရှားပါးသဖြင့် ပိုမိုကောင်းမွန်သော အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေအခွင့် အလမ်းများ ရှာဖွေရန်အတွက်ဖြစ်ပါသည်။ ရွှေ့ပြောင်းသွား လာသူ ၁၉ ဦးအထိရှိပါသည်။ရွှေ့ပြောင်းသွားလာသူများ၏ အိမ်ထောင်စုများသည် ပြန်ပို့ငွေကို မှီခိုနေ ကြရပါသည်။ ထိုသို့ မှီခိုရာတွင် ပြန်ပို့ငွေကို အဓိကထားနေရသည့် အမြင့်ဆုံးအိမ်ထောင်စု ၅ စု ၊ အလယ်လတ် အိမ်ထောင်စု ၄ စုနှင့် ကျန် ၅ အိမ်ထောင်စုမှာ အနည်းငယ် ဖြစ်သည်ကို လေ့လာတွေ့ရှိ ရသည်။ အဆိုပါ ပြန်ပို့ငွေများကို ဘဏ်၊ လူကြုံမှ တစ်ဆင့်ပေးပို့ကြပြီး ဘဏ်မှ ၁ ဦး လူကြုံဖြင့် ၁၃ ဦးပေးပို့ကြပါသည်။

(ဂ) ကုန်စည် နှင့် ဝန်ဆောင်မှု စျေးကွက်။ ။ကျေးရွာ ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက် လက်လှမ်းမှီမှုအခြေ အနေမှာ အနီးဆုံးစျေးကွက်အနေဖြင့် ဝန်းသိုမြို့မစျေးဖြစ်ပြီး၊ ၃မိုင်ခန့်ကွာဝေးပြီး အကြီးဆုံးစျေးကွက်မှာ ၁၈ မိုင်ခန့်ရှိ ကောလင်းမြို့မစျေးဖြစ်ပါသည်။ အဆိုပါ စျေးကွက်သို့ ဆိုင်ကယ်၊ ကား ထော်လာကျီ သုံးဘီးဆိုင်ကယ်များဖြင့် သွားလာကြပါသည်။ စျေးကွက်များအတွင်း၌ အခြေခံ ကုန်ပစ္စည်းမှ အစ ဝန်ဆောင်မှုအစုံရရှိနိုင်ပါသည်။ ကျေးရွာတွင် မြစ်ချောင်းများ မရှိသဖြင့် ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းမရှိပါ။ ကျွန်တော်တို့ ဆည်ကြီးကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ် များနှင့် ဝန်ဆောင်မှုများမှာ စက်ဘီး(၁၉)စီး၊ မော်တော်ဆိုင်ကယ်(၃၉)စီး၊နှင့် နွားလှည်း(၉)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေး များပြုလုပ် ကြပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ ကျေးရွာ၏ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်းအခြေအနေတွင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ ၆ နှစ်မှ ၁ နှစ် ကာလတိုချေးငွေအနေဖြင့် အတိုးနှုန်း ၂ ကျပ်ပေးဆောင်ကြရပြီး လယ်ယာမြေပိုင်ဆိုင်မှု ပုံစံ ၇ ကို လိုအပ်ပါသည်။ အခြားအနေ ဖြင့် အရေးပေါ်ငွေလိုအပ်သူများသည် မိတ်ဆွေနှင့် ဆွေမျိုးများထံမှ ငွေချေးယူကြပြီး အတိုးနှုန်းမှာ ၅ ကျပ်တိုးအထိ ပေးဆောင်ကြရပြီး အတိုးငွေကို လစဉ် ပုံမှန် ပေးဆပ်ကြရပြီး အရင်းကို အဆင်ပြေသလို ခွဲ၍ ပေးဆပ်နိုင်ပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ နွားစာ၊ ဆေးဖက်ဝင်အပင်များလည်း အလွယ်တကူ အသုံးပြုနိုင်ပါသည်။ ဆေးဖက်ဝင်သည့် အပင်များမှာ ဂျာမနီ ထိကရုံး ဆင်တုံးမန္တယ် ကျွဲကျောင်းပင် အဆိပ်ဖြေပင် ဆင်နှာမောင်းပင်များဖြစ်ကြပါသည်။ကျွန်တော်တို့ရွာတွင် ရာသီဥတုအပြောင်း အလဲနှင့် သစ်တောပြုန်းတီးမှု ကြောင့် မိုးခေါင်ခြင်းများ ရှိပါသည်။ ထို့အပြင် မုန်းတိုင်း ကျရောက်ခြင်းမရှိပေမယ့် လေပြင်းပြင်းပြင်း ထန်ထန် တိုက်ခိုက်မှုကြောင့် သစ်ပင်များ ကျိုးကြခြင်း အမိုးအကာများ လွင့် ပါ သွားခြင်းများ ဖြစ်တတ်ပါသည်။ ထိုနည်းအတူ ငလျင်ဒဏ်ကြောင့် ထိခိုက် ပျက်စီးခြင်းများ မရှိသော်လည်း တစ်နှစ်လျှင် တစ်ကြိမ်ခန့် ငလျင် အသေး လေးများ လှုတ်တတ်ပါသည်။

ကျေးရွာရှိ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများကဏ္ဍတွင် မြေဆီမြေဩဇာ၊ ရေအရင်းအမြစ်၊ ငါးမျိုးကွဲများ၊ အခြား တိရစ္ဆာန်မျိုးကွဲများ၊ အခြားတိရစ္ဆာန်မျိုးကွဲများ၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတို့တွင် အခက်အခဲများဖြစ်ပေါ်လျက်ရှိပြီး အန္တရာယ်ရှိမှု အလယ်အလတ်ရှိသည်ကို တွေ့ရှိ ရပါသည်။ အပင်မျိုးစိတ်များနှင့် ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှုတွင် အခက်အခဲမရှိပါ။

(၈) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ကျွန်တော်တို့ကျေးရွာတွင် စာသင်ကျောင်းမရှိသေးပါ။ မူလတန်းအဆင့်ကို ကျေးရွာအနီးရှိ ဆည်ကြီကျေးရွာတွင်လည်းကောင်း၊ အလယ်တန်းအဆင့်နှင့် အထက်တန်း အဆင့်ကိုမူ တပ်နယ်မြေ အထက (ခွဲ) သို့ သွားရောက် ပညာသင်ကြားကြရပါသည်။ ပညာရေးအခက်အခဲနှင့် ပြဿနာများမှာ ကျေးရွာသည် အိမ်ထောင်စု ၃၁ စုရှိသော်လည်း စာသင်ကျောင်း မရရှိသေးခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောၔ ၄ က်ဖျား၊ သွေးတိုးရောဂါ များအနည်းငယ် ဖြစ်ပွားလေ့ရှိသော်လည်း အခြားရောဂါများ ဖြစ်ပွားမှု မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျန်းမာရေးအနေဖြင့် ကာကွယ်ထိုးနှံမှုများကို ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစကလေးငယ်များကို ထိုးပေးလေ့ရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် ကျန်းမာရေး ဆေးပေးခန်း မရှိပါ။ ကျန်းမရေး မကောင်းပါက ဝန်းသိုမြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ကျန်းမာရေးဆေးပေးခန်းများသို့ လည်းကောင်း သွားရောက်၍ ဆေးကုသကြရပါသည်။ ကျေးရွာအတွင်း ကုန်စုံဆိုင်တွင် ဆေးအနည်း ငယ် ဒီကိုဂျင် ပါရစီတမော့ကဲ့သို့သော ဆေးများကို ဝယ်ယူရရှိနိုင်ပါသည်။

(၉) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။ ။ ကျွန်တော်တို့ကျေးရွာရှိ ရွာတွင်း လမ်းများမှာ မြေသားလမ်းများသာ ဖြစ်သဖြင့် မိုးရာသီတွင် သွားလာရ ခက်ခဲပါသည်။ မြေသားလမ်းဖြစ်သဖြင့် ချဉ်းကပ်လမ်းများ မရှိပါ။ ကျေးရွာချင်းဆက်လမ်းများမှာ ကတ္တရာလမ်းဖြစ်၍ ကောင်းမွန်ပြီး တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။ ကျေးရွာတွင် သစ်သားတံတား တစ်စင်းတည်ရှိပြီး တစ်နှစ်လုံး အသုံးပြုနိုင်ပါသည်။

ကျွန်တော်တို့ဆည်ကြီးကျေးရွာတွင် လျှပ်စစ်မီးရရှိမှုအခြေ အနေမှာ (၂၃)ဦးဖြစ်ပြီး ကျန်အိမ်ထောင်စုများမှာ ဆိုလာမီးကိုသာ အသုံးပြုကြရပါသည်။ ဆိုလာအသုံးပြုရာတွင် ဆိုလာပြားပျက်စီးခြင်း ဘတ္ထရီပျက်စီးခြင်းများကို ကြုံတွေ့ကြရပါသည်။

ကျွန်တော်တို့ဆည်ကြီးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သ တင်းအချက်အလက် ဆိုင်ရာနည်းပညာမှာ ဖုန်း(၅၅)လုံး၊ ရေဒီယို (၆)လုံး၊ တီဗွီ(၂၆)လုံး၊ ဂြိုလ်တုစလောင်း (၂)လုံးရှိပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကျွန်တော်တို့ ကျေးရွာတွင် သာရေး၊ နာရေး၊ လူမှုရေး မိမိတတ်နိုင်သမျှ တာဝန်ယူလုပ်ဆောင်ကြပါသည်။ လူငယ်များ အနားယူ အပန်းဖြေရန် နေရာများ ပျော်ပွဲရွှင်ပွဲ များမရှိပါ။ စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည့် နေရာများ၊ လူငယ်ရိုပ်သာများ၊ စာကြည့်တိုက်များ စသည်တို့တွင် လေ့လာသင်ယူနိုင်ခြင်း တို့မရှိသည်ကို တွေ့ရှိပါသည်။

(ဋ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျွန်တော်တို့ကျေးရွာတွင် တယ်လီဖုန်း လိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ ကြေးနန်း လိုင်း၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်း စသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦများမရှိပါ။ အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများလည်းမရှိပါ။ လူထုအခြေပြု သဘာ ဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်များ ရှိသော်လည်း မှုခင်းကာကွယ် တားဆီးလျှော့ချ ရေးအတွက် ရဲဘက်ဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းများ ရှိပါသည်။ ကျွန်တော်တို့ကျေးတွင် လူကုန်ကူးမှု မရှိပါ။ ခိုးမှု စိုးရိမ်ရပါသည်။ မူးယစ် ဆေးသုံးစွဲမှု မှာလည်း စိုးရိမ်ရပါသည်။ အကြမ်းဖက်မှု မရှိပါ။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့် အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။ ကျေးရွာတွင် လုပ်အားများရရှိနိုင်ပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက် ရန် အဟန့်အတားများမှာ ကျေးရွာမှ ငွေကြေးမတတ် နိုင်ခြင်း ၊ သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်မှုအားနည်းခြင်း ၊ ချိတ်ဆက်ဆောင်ရွက်ရမည့် နည်းလမ်း များမသိခြင်းတို့ကြောင့် ဖြစ်ပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ် ခဲ့ပါသည်-

က-၁) ဂါလံ ၂၀၀ဆံ့အုတ်ရေကန်တည်ဆောက်နိုင်ရန်

က၊၂) ကျေးရွာတွင်းလမ်းများပိုမိုကောင်းမွန်လာရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာအထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်-

(၁) ကျေးရွာတွင် ရေလုံလောက်စွာရရှိရေးအတွက် သောက်သုံးရေဖူလုံစွာရရှိနိုင်နိုင်ရန် အုတ်ရေကန်တည်ဆောက်သွားမည်။

(၂) ကျေးရွာတွင်းလမ်းများ ပိုမိုကောင်းမွန်လာစေရန် ကျေးရွာမှ လုပ်အားထည့်ဝင်ခြင်း၊ ငွေကြေးအတွက် သက်ဆိုင်ရာဌာနများဖြင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ဂ)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို

တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(၈) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။ အခြေခံအဆောက်အဦ	၁။ ဂါလံ ၂၀၀၀ဆံ့အုတ်ရေကန် တည်ဆောက်ခြင်း	၁၀	၁		
	၂။ ရွာတွင်းလမ်းများကွန်ကရစ်ခင်းခြင်း	၉	၂		

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ဂါလံ ၂၀၀ဆံ့အုတ်ရေကန်တည်ဆောက်ခြင်း	၁		✓			
၂	ရွာတွင်းလမ်းကွန်ကရစ်လမ်း ခင်းခြင်း	၂					✓

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင် ရည်မြှင့်တင်ရေး	
၁	ဂါလံ ၂၀၀ဆံ့အုတ်ရေကန်တည်ဆောက်ခြင်း			✓		
၂	ရွာတွင်းလမ်းကွန်ကရစ်လမ်း ခင်းခြင်း			✓		

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင်အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်း ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန် များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့ အစည်း ကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြ ထားသော သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီး ကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော

ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီး ကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထား ရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင် ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်း ကမ်း များ သတ်မှတ်မည်။

